# လက်တွေ့လုပ်ဆောင်ရန် လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - အပြင်ဖက်၌ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်နှင့် ကြုံတွေ့ပါက

## တစ်ကိုယ်ရည်ဘေးကင်းရေး

| | |
|---|---|
| **အပြင်မှာ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်ကို တွေ့ပါက**<br><br>**ရွှေ့လျားဆေးကုအဖွဲ့များ၊ အလုပ်မှပြန်စဉ်/အလုပ်သို့ လာစဉ်နှင့် အပြင်ရောက်နေသော ဝန်ထမ်းအားလုံး (ကျန်းမာရေးဌာနအတွင်းတွင် ရှိမနေသော) အတွက် လမ်းညွှန်ချက်** | |
| **ဆောင်ရန်** | **ရှောင်ရန်** |
| အပြင်တွင် ရှိနေစဉ် မောင်းသူမဲ့လေယာဉ်ရောက်လာပါက အကာအကွယ်ရှာပါ။ | **မောင်းသူမဲ့လေယာဉ်မှ ပြေးရန် မကြိုးပမ်းပါနှင့်။ မောင်းသူမဲ့လေယာဉ်များသည် လူထက် မြန်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် သင့်အား သံသယဖြစ်စေပြီး ပစ်မှတ်ထားခံရနိုင်မှု ဖြစ်စေသည်။** |
| မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်း၍ ပုန်းခိုစရာရှာပါ။ မော်တော်ယာဉ်အတွင်းမှ ထွက်၍ ပုန်းခိုစရာရှာပါ။ | **မောင်းသူမဲ့လေယာဉ်မှ မောင်းပြေးရန် မကြိုးပမ်းပါနှင့်။ ၄င်းပျံသန်းခြင်းထက် ပိုမြန်အောင် မောင်းရန် မဖြစ်နိုင်ပါ။** |
| အကောင်းဆုံးမှာ တံတားအောက် (သို့) အဆောက်အအုံအတွင်း (သို့) နံရံနှစ်ထပ်ဖြင့် အကာအကွယ်ပေးနိုင်သော အဆောက်အဦးများ (ဆိုလိုသည်မှာ-ဗုံးဒါဏ်သက်ရောက်မည့် နေရာနှင့် မိမိအကြားအခိုင်အမာ နံရံနှစ်ထပ်ခြားနေခြင်း)စသည့် အဆောက်အအုံအခိုင်အမာတွင် ပုန်းခိုပါ။ | **ကွင်းပြင် (သို့) လမ်းမလယ်မှ မပြေးပါနှင့်။** |
| ဖြစ်နိုင်ပါက မြေပေါ်ရှိ တောင်ကြား/ချိုင့်ဝှမ်း (မြေနိမ့်ရာ) တို့တွင် အကာအကွယ်ယူပါ။ (ဗုံးပေါက်ကွဲမှုများသည် အောက်ဖက်သို့ | **ဖြစ်နိုင်ချေရှိသော ပစ်မှတ်များနှင့် နီးကပ်စွာ မနေပါနှင့်။** |

| | |
|---|---|
| မဟုတ်ဘဲ အထက်ဖက်သို့ အင်္ဂလိပ်အက္ခရာ "V" ဗွီပုံစံ ပေါက်ကွဲတတ်သောကြောင့် ဖြစ်သည်။) | |
| အဖွဲ့နှင့် ဖြစ်ပါက လားရာဖက်မတူညီရာသို့ လူစုခွဲပြေးပါ။ အကောင်းဆုံးမှာ သစ်ပင်(သို့) ချုံများကို အကာအကွယ်ယူပါ။ | **အဖွဲ့ထဲမှ အနှေးဆုံးပြေးနိုင်သူ၏ ပြေးနှုန်းအတိုင်း အဖွဲ့လိုက်ပြေးခြင်း မလုပ်ပါနှင့်။** |
| ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ (သို့) လူနာများနှင့် ခရီးသွားပါက ခရီးမထွက်ခွာမီ ထိခိုက်လွယ်သူတစ်ဦးစီအတွက် အရေးပေါ်အခြေအနေကြုံရပါက မည်သို့သယ်ဆောင်မည်ကို ဆွေးနွေးပြီး ကျန်းမာသန်စွမ်းသော အရွယ်ရောက်ပြီးသူတစ်ဦးချင်းစီကို ဆွေးနွေးသည့်အတိုင်း လုပ်ဆောင်ရန် တာဝန်ချပေးထားပါ။ | **အခြားဝန်ထမ်းများမှ ပုန်းခိုစရာနေရာများ သွားရှာနေစဉ် လူအများကို စောင့်ရှောက်ရန် ဝန်ထမ်းတစ်ဦးတည်းသာ ထားခဲ့ခြင်းမျိုး မလုပ်ပါနှင့်။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ (သို့) လူနာများနှင့် မထားခဲ့ပါနှင့်။** |
| ကန့်လန့်ဖြတ်ပြေးပြီး ဖြစ်နိုင်ပါက ဦးတည်ရာကို မကြာခဏပြောင်းပါ။ | **မျဉ်းဖြောင့်အတိုင်း မပြေးပါနှင့်။** |
| မောင်းသူမဲ့လေယာဉ်ကို မြင်သောနေရာမှ ပြေးပါက ဖြေးဖြေးချင်း၊ အေးဆေးစွာ ပြေးပါ။ သစ်ပင်အောက်၊ အရိပ်ထဲတွင် နေပြီး အကြောက်လွန်ခြင်း၊ တုန်ယင်ခြင်းများ ရှောင်ပါ။ | **ခင်မင်စရာလူများ၏ အာရုံစိုက်မှုကို ယူရန် လက်ဝှေ့ယမ်းခြင်း မလုပ်ပါနှင့်။ လှုပ်ရှားမှုသည် မောင်းသူမဲ့လေယာဉ်၏ အမြင်အာရုံခံစနစ်ကို စွဲဆောင်စေနိုင်သည်။** |
| သင့်တော်ပြီး ဖြစ်နိုင်ပါက မိမိခန္ဓာကိုယ်ကို မောင်းသူမဲ့လေယာဉ်၏ ကင်မရာမှ ကာထားပေးနိုင်မည့် တစ်ခုခုအောက်တွင် ပြားပြားဝပ်နေပါ။ | **ဖြစ်နိုင်ပါက မိမိခန္ဓာကိုယ်ကို မပေါ်ပါစေနှင့်။ နောက်ဆုံးပေါ် မောင်းသူမဲ့လေယာဉ်များသည် အပူချိန်ကို ထောက်လှမ်းသိရှိနိုင်သည်။** |

အစီရင်ခံစာ အပြည့်အစုံကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။
မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း တုံ့ပြန်လုပ်ဆောင်ရန် လမ်းညွှန်ချက်ကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။
အဆောက်အဦးအတွင်း၌ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်နှင့် ကြုံတွေ့ပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်ကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။

ဤစာစေ ာင်အား Insecurity Insight အဖွဲ့မ ှ ထ ု တ် ဝေ သည် ။ ဤစာအပ ု ်ပါ သုံးသပ်ချက်များ ှ င့်ထင်မြ င်ချက်များမ ှ ာ ထ ု တ် ဝေ သ ူ Insecurity Insight အဖွဲ့ ှ င့်သ့ ာ သက်ဆိ ု င်သည် ။ Insecurity Insight အဖွဲ့သည် လသ ူ ာ း ချင် းစာနာမ ဆိ ု င်ရာ စည် းမျ် းများကိ ု ကတိကဝတ်ပြ လိက ု ်နာသေ ာ Humanitarian to Humanitarian (H2H) အဖွဲ့အစည် းဖြ စ်သည် ။ ပါဝင် သေ ာ အကြေ ာင် းအရာများအတက္ ် Insecurity Insight အဖွဲ့မ ှ တာဝနယ် ူ သည် ။ ဤစာစေ ာင်ပြ စ ုရန် UK အစိ ု းရထံမ ှ ပံ့ပိ ု းသေ ာ H2H ရနပ် ုံငွေ မငွေ ှ အထေ ာက်အပံ့ရှ ိသည် ။ ဤစာစေ ာင်တင္ ် ပါဝင် သေ ာ အကြေ ာင် းအရာများအတက္ ် H2H ကွနရ် က်(သ ိ) UK အစိ ု းရတင္ ်တာဝနမ် ှ ိသကဲ့သ ိဤစာစေ ာင်တင္ ် ပါဝင် သေ ာ ထင်မြ င်ချက်များမ ှ ာလည် း ၄င် းတ ိအာဘေ ာ်မဟာတ ု ်ပါ။

**https://bit.ly/SRMDronesMMROutside**